# ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်းနန့် ပတ်သက်တေ အဓိကအချက်အလက်တိ



- ၂၀၁၄ ခုနှစ်၊ မတ်လ ၂၉ ရက်နို့ ညဥ့်သန်းခေါင်ယံရေ သန်းခေါင်စာရင်း ရည်ညွှန်းချိန်ဖြစ်သည်။ သန်းခေါင်စာရင်းရည်ညွှန်းချိန်မှာ သင်ရို့ ဟိနိန်ရေ နီရာမှာ စာရင်းဝင်ဖို့ ဖြစ်ပါသည်။

- ၂၀၁၄ ခုနှစ်၊ မတ်လ၂၉ ရက်နို့ ညဥ့်သန်းခေါင်စာရင်းရည်ညွှန်းချိန်မှာ မြန်မာနိုင်ငံနယ်နိမိတ်ထဲ ဟိ နီလူအားလုံးကိုလူမျိုးမရွီး၊ ဘာသာမရွီး၊ နိုင်ငံသားမရွီး၊ ကျား/မ မရွီး၊ အသက်မရွီးကောက်ယူ လားဖို့ဖြစ်ပါသည်။ သန်းခေါင်စာရင်းဆိုစွာမှာ သန်းခေါင်စာရင်း ရည်ညွှန်းချိန်မှာ မြန်မာနိုင်ငံတစ်ခုလုံးကို လျှပ်တစ်ပြက်ဓါတ်ပုံရိုက်ယူလိုက်တေ သဘောတရားရာ ဖြစ်ပါသည်။

- စာရင်းကောက်တိရေ ၂၀၁၄ခုနှစ်မတ်လ(၃၀)ရက်နို့ မှဧပြီလ(၁၀)ရက်နို့ အတွင်း အိမ်ထောင်စုအားလုံး နန့်အဖွဲ့အစည်းတိမှာ စာရင်းကောက်ယူဖို့ ဖြစ်ပါသည်။ စာရင်းကောက်ယူပြီးစီးရေအိမ်တိမှာ သန်းခေါင်စာရင်း ကောက်ယူပြီးစီးကြောင်း အမှတ်အသားကတ်ပြားကို ကပ်ထားမေဖြစ်ပါသည်။၂၀၁၄ ခုနှစ်၊ ဧပြီလ (၁၀) ရက် နို့အထိ သန်းခေါင်စာရင်း ကောက်ယူခြင်း မခံရသိမ့်ရေ အိမ်ထောင်စု/အဖွဲ့အစည်းတိရှိပါကေ ရပ်ရွာခေါင်း ဆောင်တိထံ အကြောင်းကြားရပါဖို့။ သူရို့က စာရင်းကောက်ယူဖို့ စီစဉ်ပီးပါလိမ့်မယ်။ သန်းခေါင်စာရင်း ကောက်ယူချိန်မှာ မိုးထ (၇) ချက်တီးမှ ညဇာဖတ် (၆) ချက်တီးအထိ ဖြစ်ပါသည်။

- သန်းခေါင်စာရင်းကောက်ယူခြင်းမှာ လူတိုင်းပူးပေါင်းပါဝင်ခြင်းနန့်မြန်မာပြည်သူလူထု၏ လူနီမှုအဆင့် အတန်းကို မှန်မှန်ကန်ကန် သိဟိနိုင်မေ ဖြစ်ပါသည်။ သန်းခေါင်စာရင်းက ရဟိရေအချက်အလက်တိရေ ငြိမ်းချမ်းရေး လုပ်ငန်းစိုင်တိ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစိုင်တိ၊ မျှတရေ ကိုယ်စားပြုမှုနှင့် စွမ်းအားစု ဖြန့်ဝီမှုတိ အပါအဝင်ထိရောက်ရေ စီမံကိန်းတိနန့် မူဝါဒတိရီးဆွဲရာမှာ အထောက်အကူပြုဖို့ဖြစ်ပါသည်။ သန်းခေါင်စာရင်းမှာ ပူးပေါင်းပါဝင်ခြင်းနန့် သင်ရို့၏ လိုအပ်ချက်တိကို နိုင်ငံတော်စီမံကိန်းတိ ရီးဆွဲရာမှာ ထည့်သွင်း ရီးဆွဲနိုင်ဖို့ ဖြစ်ပါသည်။









# ပြည်လုံးကျွတ် သန်းခေါင်စာရင်း ၂၀၁၄

- သန်းခေါင်စာရင်းမှာ သင်ဖြေဆိုခဲ့ရေ အချက်အလက်တိ၏လုံခြုံစိတ်ချရမှုကိုသန်းခေါင်စာရင်းဥပဒေကိုကာကွယ်ပီး ထားပြီး တစ်စုံတစ်ယောက်သည် ယင်းအချက်ကို ချိုးဖောက်ခပါကေ သန်းခေါင်စာရင်းဥပဒေအရ အရေးယူခြင်း ခံရဖို့ဖြစ်ပါသည်။ ၂၀၁၃ခုနှစ်၊ ဇူလိုင်လတွင် ပြဋ္ဌာန်းခရေ သန်းခေါင်စာရင်းဥပဒေရေ သင်ဖြေဆိုခရေ အချက်အလက်တိ၏ လုံခြုံမှုကို အကာအကွယ်ပေးထားပါသည်။

- သင်ရို့၏ "အိမ်ထောင်စုလူဦးရေစာရင်း" နန့် 'နိုင်ငံသားစီစစ်ရေးကတ်ပြား' ကို ဇာစာရင်းကောက်ကိုမှ ပြသဖို့မလိုပါ။ သန်းခေါင်စာရင်းရေ သန်းခေါင်စာရင်းရည်ညွှန်းချိန်မှာ အိမ်ထောင်စု/အဖွဲ့အစည်းတိမှာ ဟိနီလူတိကိုရာ ကောက်ခံခြင်းဖြစ်ပါသည်။ မဟုတ်ကေ အိမ်ထောင်စုစာရင်းမှာ မပါဝင်ကေလေ့ သန်းခေါင်ရည်ညွှန်းချိန်မှာ ယင်းအိမ်မှာ ဟိနေပါက စာရင်းကောက်ယူဖို့ ဖြစ်ပါသည်။ အိမ်ထောင်စုလူဦးရေစာရင်းနန့် သန်းခေါင်စာရင်းရေ လုံးဝ သက်ဆိုင်ခြင်းမဟိပါ။ သန်းခေါင်စာရင်းရည်ညွှန်းချိန်မှာ သင်၏ အိမ်ထောင်စုမှာ ဟိနေလူအားလုံး၏ အချက်အလက်တိကို မှန်ကန်အောင် ဖြေဆိုရပါမည်။

- သန်းခေါင်စာရင်းက ရရှိရေအချက်အလက်တိကို အသုံးပြုပနာ အခွန်ကောက်ယူခြင်း၊ ဖမ်းဆီးမှတ်တမ်းတင်ခြင်း၊ မှန်မမှန် စစ်ဆေးခြင်းတိပိုင် စာရင်းအင်းနန့် မသက်ဆိုင်ရေ ကိစ္စရပ်တိကို ဆောင်ရွက်ဖို့ မဟုတ်ပါ။ သန်းခေါင်စာရင်းမှာ သင်ဖြေဆိုခသော အချက်အလက်တိကို အသုံးပြုပြီးကေ ဇာလူကမှ ဖမ်းဆီး အရေးယူခြင်း၊ အခွန်ပိုမို ကောက်ခံခြင်းတိ မပြုနိုင်အောင် သန်းခေါင်စာရင်းဥပဒေက သင့်ကို ကာကွယ်ပီး ထားပါသည်။

- သန်းခေါင်စာရင်းမိန်းခွန်းတိကို မှန်ကန်အောင် ဖြေဆိုကြဖို့ လူတိုင်းကို တိုက်တွန်းလိုပါသည်။ သန်းခေါင်စာရင်းရေ သာမန်အိမ်ထောင်စုတိ၊ အဖွဲ့အစည်းတိ (ဟော်တယ်တိ၊ စစ်တန်းလျားတိ၊ ဘုန်းကြီးကျောင်းတိ၊ ဆီးရုံတိစရေ) နန့်အထူးလူဦးရေအုပ်စုတိ (အိမ်ခြီယာခြီမဲ့တိ၊ ဆောက်လုပ်ရေး လုပ်သားတိ၊ ဆိပ်ကမ်းလုပ် သားတိစရေနဲ့) အားလုံးကို စာရင်းကောက်ယူဖို့ ဖြစ်ပါသည်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန်မှာ မြန်မာနိုင်ငံအတွင်း နီထိုင်လူအားလုံးကို စာရင်းကောက်ယူဖို့ ဖြစ်ပါသည်။

## ဆက်သွယ်ရန်။

**www.dop.gov.mm**

**http://myanmar.unfpa.org/census**

UNFPA